**ကေအဲန်ယူ - ကရင်အမျိုးသားအစည်းအရုံး**
**ဗဟိုဌာနချုပ်**
**ကော်သူးလေ**
**www.knuhq.org**

**ကမ္ဘာတဝှမ်းရှိ ကရင့်လူ့အဖွဲ့အစည်းများ၏ အိတ်ဖွင့်ပေးစာပါအကြောင်းအရာနှင့်ပတ်သက်သည့်**
**KNU - အထွေထွေအတွင်းရေးမှူး၏ သဘောထား ပြန်ကြားချက်**

၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလ (၂၆) ရက်နေ့

၁။ KNU သည် လက်နက်ကိုင်တော်လှန်ရေးကိုဆင်နွှဲနေသော နိုင်ငံရေးအဖွဲ့အစည်းတခုဖြစ်သည့်အားလျော်စွာ မိမိဖွဲ့စည်းပုံအခြေခံဥပဒေနှင့် နည်းဥပဒေတို့ကို အာမခံရပြီး (၄)နှစ်တကြိမ်ကျင်းပသည့် ကွန်ကရက် လမ်းညွှန်မှုများ၊ ကွန်ကရက် က ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဥ်များကို တာဝန်ခံ အကောင်အထည်ဖော် ကြရပါသည်။ အကြပ်အတည်းနှင့်စိန်ခေါ်မှုများကိုလည်း အထက်ဖော်ပြပါပေးထားချက်များနှင့်အညီ ဖြေရှင်းရပါသည်။

၂။ KNU အဖွဲ့ဝင်များ၏ စည်းကမ်းချိုးဖောက်မှုများနှင့် ပတ်သက်၍လည်း ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အပိုဒ် (၂၀) တွင် ဖော်ပြထားသည့် အပြစ်ပေးအရေးယူခြင်းပုဒ်မအရအရေးယူ ဆောင်ရွက်ရမည်ဖြစ်ပါသည်။

၃။ KNU ၏ တော်လှန်ရေးလမ်းစဥ်၊ လုပ်ငန်းစဥ်ကို လက်ခံယုံကြည်သည့် ကရင်လူမှုအဖွဲ့အစည်းများ အပါအဝင်၊ ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများအားလုံးကို KNU ၏ အင်အားများ အဖြစ်လည်း မှတ်ယူထားပြီး ပူးပေါင်းဆောင်ရွက်မှုများလည်း ပြုလုပ်လျက်ရှိပါသည်။

၄။ ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၃) ရက် နေ့စွဲဖြင့် ကမ္ဘာတစ်ဝှမ်းရှိ ကရင်လူမှုအဖွဲ့အစည်းများ၏ အိတ်ဖွင့် ပေးစာပါ ကိစ္စများကိုလည်း ဖွဲ့စည်းပုံအခြေခံဥပဒေပါအချက်များအရ ကိုင်တွယ်ဖြေရှင်းသွားရန် လိုအပ် သည်ဟု မိမိအနေဖြင့် ရှုမြင်ပါသည်။

၅။ အဆိုပါပေးစာနှင့်ပတ်သက်၍ လိုအပ်ပါက ပွင့်လင်းရင်းနှီးစွာဖြင့် တွေ့ဆုံဆွေးနွေးရန် အသင့်ရှိပါကြောင်း လေးနက်စွာဖြင့် အသိပေးအပ်ပါသည်။

စောတာဒိုမူး
အထွေထွေအတွင်းရေးမှူး
KNU - ကရင်အမျိုးသားအစည်းအရုံး